# ဝန်ခံမယ် မဟုတ်လား



အချစ်ဆိုတာ
ပရဟိတ တစ်မျိုးဖြစ်မယ်ကွ
စိတ်နဲ့ခန္ဓာ
အကုန်လှူမိသွားတာ ...

စာရေးသူ - မင်းသရ

## `ဝန်ခံမယ်မဟုတ်လား…´

ထိုနေ့သည် နေသာ၏။ လမ်းတစ်လျှောက် တွေ့သမျှလူတိုင်းက ကျ က်သရေရှိနေသည် ။ တိမ်ကင်းစင်သော ကောင်းကင်သည် ကုလား လေး မဲနယ်ဆိုးထားသော ပိတ်စတစ်ထည်နှင့် တူ၏။

လေပြည်တစ်ချက်ခတ်တိုင်း သူ့ဆံနွယ် အလယ်ခွဲတို့ ငြိမ့်ညောင်းစွာ ကခုန်နေလေသည် ။ ကျောပိုးအိတ်ရှိ ရေသန့်ဘူးထည့်နေကျ နေရာ လေးတွင် နှင်းဆီပန်းတစ်ပွင့် ရဲစွင့်စွင့်ကလေး ပါ လာလေ၏။ အယ်ရို ဆော့ဖ်ဖိနပ်က ရေစိုစိုကတ္တရာကို နမ်းရှိုက်တိုင်း သဲမှုန်မွှားတို့ ပုဆိုး အောက်ခြေမှာ တည်းခိုလေ၏။ ရင်ဘက်တစ်ဝိုက်မှ အရေပြားတို့ ခဏ ခဏ ကြွတက်နေပြန်သေးသည် ။ ရင်ခုန်သည် ဟု ဆိုလျှင် ပိုမှန်ပေမည် ။

ကျောင်းတက်ချိန်သည် နာရီဝက်ခန့် လိုသေးသော်လည်း စာသင်ခန်းထဲသို့ သူအရောက် သွားနေလေ၏။ စာသင်ခုံတစ်ခုံရှေ့သို့ ရောက်သောအခါ သင်္ချာ(၂)၏ သဘောတရားအတိုင်း ခန္ဓာကိုယ်ကို လေးဆယ့်ငါး ဒီဂရီစောင်းပြီး ပါလာသည့် နှင်းဆီပန်းကလေးကို ထိုခုံ အောက်မှ ကျောပိုးအိတ်ထည့်သော အံအတွင်း၌ တယုတယ ထည့် လို

က်လေသည် ။ ထို့နောက် သူငယ်ချင်းများ အလာကို စောင့်ရင်း သူထိုင်နေကျခုံတွင် ဝင်ထိုင် လိုက်လေသည် ။

သူငယ်ချင်းများ ရောက် လာပြီး များ မကြာမီ သူ့မျက်ဝန်း သခင် လေးလည်း ရောက်လာ၏။ ထိုမိန်းကလေး ရောက်လာတိုင်း ရှန့်ရင်းကြမ်းတမ်းသော အတွေးတို့ အိပ်စက်၍ စိတ်ကူးယဉ်သည့် အခါတိုင်း သူ၏ စိတ်ကူးတို့ အလွန် ယဉ်နေလေ့ရှိသည် ။

`ဟဲ့... နင်စာရပြီလား...´

`အင်း... ကျက်တော့ ကျက်လာတာပဲ´

သူတို့ ဘာသာ မိန်းကလေး အချင်းချင်း ပါးစပ်ကို အလုပ်ပေးနေကြခြင်း ဖြစ်သည် ။ သူ့အတွက်တော့ စကားသံတိုင်းက အကြောင်းအရာ မလိုဘဲ ချိုမြိန်လွန်းလှသည် ။ ရက်ပေါင်းများ စွာ သူ ပေးနေကျဖြစ်သော နှင်းဆီပန်းကလေးကို ထိုမိန်းကလေးက ဆံနွယ်ကြားမှာ ယှက်တင်ကာ ပန်လိုက်သည် ။ အရမ်းလှပါသည် ။ ကိုယ့်ကြောင့် သူလှလျှင်ပင် ချစ်ရတာ ပျော်ဖို့ ကောင်းနေပြီ မဟုတ်ပါလား. ...။

`ဟဲ့... ဒီနေ့လည်း မပျက်မကွက် လာထည့်သွားတယ်နော်... ဘယ်သူမှန်း အခုထိ နင်မသိသေးဘူးလား...´

`အေးဟာ... ဘာပဲဖြစ်ဖြစ် ပေးတဲ့ သူကိုတော့ ကျေးဇူးတင်ကြောင်း ပြောချင်မိတယ်... ငါက နှင်းဆီပန်းအနီဆို အရမ်းကြိုက်တာဟ... သိတယ်မလား... နာမည်ကိုက နှင်းဆီဟန် လေ... ဟဲဟဲ´

`သိပါတယ်ဟယ်... တကတဲမှ ပဲ´

သူက `နှင်းဆီဟန်´ကို `လိုဂန်ဗယ်ရီ´ဟု သူ့ဘာသာ အင်္ဂလိပ်နာမ

ည်လေး ပေးထားသည် ။ နူးနူးညံ့ညံ့နာမည် မဟုတ်သော်လည်း နှင်းဆီမျိုးရင်း တစ်ခုဖြစ်ပြီး ရက်စ်ဗယ်ရီ အသီးလေးနှင့် ခပ်ဆင်ဆင်တူသည့် အသီးသီးလေ့ရှိသော အပင်ဖြစ်၍ ထိုကောင်မလေးလိုပင် ချစ်ဖို့ကောင်းသောကြောင့် ဖြစ်သည် ။ ထိုညက သူ ကဗျာရေးဖြစ်သေးသည် ။

`သူက အမြဲတမ်း သရုပ်ဆောင်ကောင်းတယ်

အနားမှာ မရှိတဲ့ အချိန်မှာ တောင်

အမြဲတမ်း ရှိနေသယောင်

အရိပ်အငွေ့နဲ့ ဖမ်းစားတယ်....

ပြီးတော့ ကမ္ဘာကို သိမ်းမယ့်အပြုံးမျိုးနဲ့

ရင်ခွင်တစ်ကြော စိမ်းလန်းရေးကို တာဝန်ယူတယ်...´

(ဗျာရှင်၏ `ကောင်မလေး´ကဗျာမှ )

***